Public education
**Discover a world of opportunities**

1 တန်းနှင့် 2 တန်း

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အိမ်တွင် လေ့လာသင်ယူခြင်း

## စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အကြံဉာဏ်များ

### အတူတကွ ဖတ်ရှုပါ

သင့်ကလေးများနှင့်အတူ သင်တတ်နိုင်သလောက် များနိုင်သမျှများအောင် ဖတ်ပေးပါ။ သတင်းစာများ၊ မဂ္ဂဇင်းများ၊ ကာတွန်းစာအုပ်များနှင့် စာအုပ်များအပါအဝင် သင် ဖတ်ရှုနိုင်သည့် အရာများ အများအပြားရှိပါသည်။ ဤအရာအားလုံးသည် စကားလုံး ကြွယ်ဝသည့်ကျွမ်းကျင်မှုကို တည်ဆောက်ရန် အထောက်အကူပေးပါသည်။

### အတူတကွ စာရေးပါ

သင့်ကလေးအား သူတို့ ကစားသည့်အခါ စာရင်းများကို ရေးရန်ကူညီပါ၊ ရက်ချိန်းများကို ရေးသားခြင်းနှင့် ဈေးဝယ် စာရင်းများကဲ့သို့ ဖြစ်ပါသည်။ ကာတွန်းဇာတ်ကောင်များအဖြစ် လက်ဗွေများကိုနှိပ်ပြီး ကာတွန်းစာအုပ်အတိုင်း စကားပြောချက်များကို ပူစီဖောင်း အတွင်းရေးသားပါ။ ဓါတ်ပုံစာအုပ်များတွင် ဓါတ်ပုံများအောက်၌ ကဗည်းစာတန်းများ ရေး၍တပ်ထားပါ။

ကလေးများသည် နှုန်းထားအမျိုးမျိုးဖြင့် တိုးတက်ကြကြောင်း မှတ်ထားရန် အရေးကြီးပါသည်။ စိတ်ရှည်ရှည်ထားပါ၊ အကောင်းမြင်ပြီး အထောက်အပံ့ပေးပါ၊ ၎င်းပြင် သူတို့ အဖြေမှားကို ရလျှင်ပင် ကြိုးစားလုပ်သည့် အတွက် သူတို့အား ချီးမွမ်းရန် သေချာစေပါ။ အကယ်၍သင် သင့်ကလေး၏ တိုးတက်မှုကို စိုးရိမ်လျှင် သူတို့၏ ဆရာဆရာမနှင့်ပြောဆိုပါ။

### စကားလုံးများကို ဖွဲ့စည်းခြင်း

စကားလုံး ကြီးကြီးတစ်ခုမှ ၎င်းစကားလုံးမှအက္ခရာစာလုံးများကိုသာ သုံး၍ စကားလုံး မည်မျှ လုပ်နိုင်ကြောင်း ကြည့်ပါ၊ ဥပမာ *together စကားလုံးမှ  တစ်ဖက်ပါစကားလုံးများလုပ်နိုင်သည် he, get, greet, there, otter စကားလုံးများ* နှင့် *other စကားလုံးတို့ဖြစ်သည်။*. ရှေ့ဖုံးနှင့် *နောက်ကျောတို့မှ တစ်ထေရာတည်းဖတ်နိုင်သည့် စကားလုံးများကို သင် မည်မျှရှာတွေ့နိုင်ကြောင်း ကြည့်ပါ၊ ဤကဲ့သို့စကားလုံးများဖြစ်သည့် dad, pup* နှင့် *madam*. ၎င်းတို့ကို နောက်ပြန်ဖတ်လည်း စကားလုံးတူသော စကားရပ်များ [palindromes] ဟုခေါ်သည်။

### စကားလုံး ကစားနည်းများ

- အငယ်တန်း Scrabble® နှင့် Boggle® ကိုကစားပါ။
- ကြိုးစားလုပ်ကြည့်ပါ *What word am I?*ကို စကားလုံး တစ်လုံးကို စဉ်းစားပါ၊ ဥပမာ *batman*. တစ်ဖက်ပါကဲ့သို့ အက္ခရာစာလုံး တစ်လုံးကို ညာဖက်နေရာတွင် ဖြည့်စွက်ပေးပါ   _ _ t _ _ _. စကားလုံးမှာ ဘာဖြစ်နိုင်ကြောင်း သင့်ကလေးများကို စဉ်းစားခိုင်းပါ။ အကယ်၍ သူတို့စဉ်းစားချက်က မမှန်ကန်လျှင် တစ်ဖက်ပါကဲ့သို့ နောက်ထပ်အက္ခရာစာလုံး တစ်လုံးကို ထပ်ဖြည့်ပါ _ a t _ a _. သူတို့ စကားလုံး တစ်ခုလုံးကို စဉ်းစားနိုင်သည့်တိုင်အောင် ဆက်လုပ်ပါ။
- ကစားပါ *Word Detective* ကစားစရာကို. သင့်ကလေးကို အောက်ပါကဲ့သို့ မေးခွန်းများမေးပါ- မည်သည့် *စကားလုံးသည် boat ဟူသောစကားလုံးနှင့် ကာရံတူသနည်း။* နှင့် *long ဟူသောစကားလုံးနှင့်ဆန့်ကျင်ဖက် စကားလုံးသည် ဘာလဲ။*



Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အိမ်တွင် လေ့လာသင်ယူခြင်း

### ရည်ရွယ်သည့်ကိစ္စအတွက် စာရေးပါ

မွေးနေ့ကတ်များနှင့် နှုတ်ခွန်းဆက်ချီးမြှောက်ကတ်များနှင့် ညှော်ခံပွဲပျော်ပွဲရှင်ပွဲ ဖိတ်စာများကို လုပ်ပါ။ အထူးရောင်စုံ သေတ္တာတစ်ခုအတွင်း ပျော်စရာ စာရေးသားခြင်းကိုလုပ်ပေးသည့် အရာများအားလုံးကို ထည့်ပါ၊ ရောင်စုံစက္ကူများ၊ ရောင်စုံဆေးများ၊ ရောင်ခြယ်ခဲတံများ၊ အရောင်ရွှမ်းတောက်သည့် ကော်နှင့် ကပ်စရာရုပ်များ ကဲ့သို့အရာများဖြစ်သည်။

### ကားပေါ်ရှိစဉ် စကားလုံးများ

- ကားနံပါတ်ပြားပေါ်ရှိ အက္ခရာစာလုံးများကို သုံး၍ ဝါကျတိုများကို လုပ်ပါ၊ ၄င်းကဲ့သို့- *BEO* သည် *Bob eats oranges* စာကြောင်းဖြစ်ပြီး *CPP* သည် *cuddly puppies play* စာကြောင်းဖြစ်သည်။
- စကားလုံး နီးနွယ်သည့်ကစားနည်းများကို ကစားပါ၊ ၄င်းတွင် တစ်ဦးက စကားလုံးတစ်လုံးကို ပြောလျှင် နောက်တစ်ယောက်က ၄င်းစကားလုံးနှင့်ဆက်စပ်သည့် နောက်ထပ်စကားလုံး တစ်လုံးကိုပြောသည်၊ ၄င်းကဲ့သို့ ထပ်ဆင့်၍ဖြစ်သည် ဥပမာ - *beach, fish, chips, seagulls, West Coast Eagles, football, Dockers ကဲ့သို့ စကားလုံးများ ဖြစ်သည်။.*

### လှည့်ကွက်ပါသော စကားလုံးများကို ရင်ဆိုင်ခြင်း

စကားလုံးများကို အသံထွက်၍ဆိုရန် သင့်ကလေးများကို တိုက်တွန်းပါ။ သူတို့အား စကားလုံးများကို အတွဲလိုက် သို့မဟုတ် စာလုံးစုလိုက် ခွဲခိုင်းပါ။ စတင်လုပ်ရန် စာလုံးစုတစ်ခုစီကိုပြောတိုင်း လက်ခုတ်တီးပါ ဥပမာ birthday မွေးနေ့တွင် *birth/day လက်ခုတ်နှစ်ခါတီးပြီး* holiday *တွင် hol/i/day လက်ခုတ် သုံးခါ တီးမည်။*

**စာရေးနိုင်ပြီး စာလုံးပေါင်းနိုင်ခြင်းမှာ အချိန်ယူရသည့် ဖြစ်စဉ်များ ဖြစ်ကြပါသည်။ ကလေးများသည် နည်းလမ်း အမျိုးမျိုးနှင့် နှုန်းထားအမျိုးမျိုးဖြင့် သင်ယူလေ့လာ ကြပါသည်။ စိတ်ရှည်ရှည်ထားပြီး အမြဲတမ်း သူတို့၏ အားထုတ်မှုများကို ချီးမြှောက်ပါ။**

### စာလုံးပေါင်း အမှားအယွင်းများ

သင့်ကလေးများ ရေးသားခဲ့သည့်အကြောင်းများကို ပြောဆိုပါ၊ ယင်းနောက် သူတို့၏ အကြံဉာဏ်များအကြောင်း ပြောပြီးနောက် သူတို့၏ စာလုံးပေါင်းအကြောင်း ပြောပါ။ မှားယွင်းစွာ စာလုံးပေါင်းထားသည့် စကားလုံးများအကြောင်းကို အတူတကွ ပြောဆိုပါ။ သူတို့ကြားနိုင်သည့် အသံများအကြောင်းကို ပြောဆိုပါ။ စကားလုံးကို မည်ကဲ့သို့ စာလုံးပေါင်းကြောင်း သူတို့အား ပြသပါ။ အဘိဓာန်ကိုသုံး၍ မှန်ကန်သော စာလုံးပေါင်းကို ရှာရန် သူတို့အား တိုက်တွန်းပါ။



© Department of Education, Western Australia, 2015